## (၂–၁) ပထမ သံဃာယနာ (ဘီစီ ၅ ရာစု)

ပထမ သံဃာယနာကို ဗုဒ္ဓ အာယုသင်္ခါရလွှတ်ပြီး မကြာမီကာလ၌ပင် ယနေ့ ရာဇဂြိုဟ် ဟုမည်သော ရာဂျာတ် ရီဟာ အရပ်တွင် ဗုဒ္ဓ၏ အဂ္ဂသာဝကကြီး ဖြစ်သော အရှင်မဟာကဿပ ကြီးမှူးလျှက် ကျင်းပခဲ့ပေသည်။ အ ကြောင်းမှာ ဗုဒ္ဓ၏ သြဝါဒများနှင့် သွန်သင်မှု သုတ္တန်များကို ပြန်လည်မှတ်သားရန်နှင့် ရဟန်းများ အတွက် ဝိနည်းများကို သတ်မှတ်ရန်တို့ ဖြစ်ပေသည်။ ဗုဒ္ဓ၏ ညီဝမ်းကွဲလည်းဖြစ် အဓိက သာဝကများမှလည်း ဖြစ်သော အာနန္ဒာအား ဗုဒ္ဓ၏ ဟောပြောမှုများကို ဆင့်ပြန်စေပြီး၊ အခြားသော သာဝကကြီး ဖြစ်သည့် ဥပါလိအား ဝိနည်း ဥပဒေများကို ဆင့်ပြန်စေခဲ့ပေသည်။ ၎င်းတို့မှ ပိဋက ကျမ်းတော်၏ အခြေခံများ ဖြစ်လာ၍ ပါဠိ၊ တရုတ် တိဘက် ဘာသာများဖြင့် စုစည်းထားသည် ဟု ဗုဒ္ဓရာဇဝင် မှတ်တမ်းများ အရ လက်ခံထားပေသည်။

သံဃာယနာတင်သည် ဆိုခြင်းမှာ ဗုဒ္ဓဟောခဲ့သော တရားတော်များကို အမျိုးတူရာ၊ သဘောတူရာကို စု၍ ပိဋိကအားဖြင့်ခွဲ၍၊ နိကာယ်အားဖြင့် ခွဲ၍ မှတ်တမ်းတင်ခြင်း ဖြစ်ပေသည်။ ထိုအခါ ရှင်ပုရာဏထေရ်က "ငါ့ရှင် တို့ သံဃာယနာတင်ပွဲကို ကောင်းစွာ ပြုအပ်ပြီ၊ သို့ရာတွင် ငါမူကား ဗုဒ္ဓမျက်မှောက်တော်မှ ကြားနာ မှတ်သား သည့် အတိုင်း ဆက်လက် ဆောင်ရွက် ပါအံ့" ဟု မိန့်ကြားခဲ့လေသည်။

ထို့ကြောင့် ပထမသံဃာယနာတင်ပွဲ ပြုလုပ်စဉ်ကပင် ဗုဒ္ဓဟောကြားသည် ဆိုရာ၌ သဘောထားကွဲလွဲမှုကို စတင် တွေ့ရပေသည်။

## (၂–၂) ဒုတိယ သံဃာယနာ (ဘီစီ ၄ ရာစု)

အချို့သောသံဃာများ၏ စည်းကမ်းနည်းလမ်းများအပေါ် အမျိုးမျိုးသော လျော့ရဲမှုများနှင့် စပ်လျဉ်း၍ အချင်း ချင်း အငြင်းပွားမှုများ ရေချိန်မြင့်လာသောကြောင့် ပါဋလိပုတ်ပြည် ကာလာသောက မင်းကြီး၏ အာဏာစက်ဖြင့် ထောက်ပံ့၍၊ ရှင်သဗ္ဗကာမီထေရ်ဦးဆောင်၍ ဒုတိယ သံဃာယနာကို ကျင်းပခဲ့ပေသည်။ ပထမ သံဃာယနာတွင် မှတ်တမ်းတင်ခဲ့သော ဗုဒ္ဓ၏ သြဝါဒများနှင့် ယခု ဝိနည်း လျော့ရဲမှုများသည် မကိုက်ညီ ကြောင်း ကို ပြသရန်သာ ဒုထိယသံဃာယနာအား ကျင်းပခဲ့ခြင်း ဖြစ်ပေသည်။

ထိုသံဃာယနာတင်ပွဲတွင် သဘောထားကွဲလွဲသော ဝဇ္ဇီပုတ္တက ရဟန်းတို့က ရဟန်းတစ်သောင်းကို စုစည်း၍ ကောသမ္ဗီပြည်တွင် စင်ပြိုင် ပထမသံဃာယနာကို တင်ခဲ့ကြပေသည်။ ထိုစင်ပြိုင်သံဃာယနာ နှစ်ခုမှ နိကာယ်၊ ဝိနယ၊ အဘိဓမ္မာ၊ ပါဠိတော်များ ကွဲလွဲစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

## (၃–၁) တတိယ သံဃာယနာ (ဘီစီ ၂၅၀)

အာသောကမင်းသည် ယနေ့ခေတ် ပတ္တနာ မည်သော ပါဋလိပုတ်အရပ်၌ ဘီစီ ၂၅၀ ပတ်ဝန်းကျင်တွင် တတိယ သံဃာယနာကို တင်စေခဲ့သည်။ ၎င်းကို အရှင် မောဂ္ဂလိပုတ္တတိဿ ကြီးမှူး၍ ကျင်းပခဲ့ပေသည်။ ရည်ရွယ်ချက် မှာ သံဃာများ အထူးသဖြင့် နန်းတွင်းနှင့် ဆက်နွယ်နေသည့် ရဟန်းများ သန့်စင်စေရန်ပင် ဖြစ်သည်။

ထိုသံဃာယနာတွင် ရှင်မောဂ္ဂလိပုတ္တတိဿက ယခင် သံဃာယနာများတွင် မပါဝင်သော ကထာဝတ္ထုကျမ်းကို ရွတ်ဖတ်၍ ပိဋကတော်၌ အစီအစဉ်ထည့်သွင်းသည်ကို သဘောထားကွဲသော ရဟန်းများက ရာဇဂြိုလ်အနီး နာလန်ဒါမြို့၌ စင်ပြိုင်သံဃာယနာကို တင်ခဲ့ပြန်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သို့သော် အာဏာရှိသော သူတို့၏ ထောက်ခံသော အယူသည် အနိုင်ရမြဲ ဖြစ်သည့် ဓမ္မတာအတိုင်း အာသော က မင်းထောက်ခံသော အယူဝါဒကို ဗုဒ္ဓသာသာနာပြုများဖြင့် ထိုစဉ်က သူတို့သိထားသော ကမ္ဘာ့အရပ် ဒေသ များသို့ စေလွှတ် သာသနာပြုခဲ့ပေသည်။

## (၆–၁) နှစ်ကြိမ်မြောက် စတုတ္ထ သံဃာယနာ

အေဒီ ၁၀၀ ပတ်ဝန်းကျင်ခန့်က ဂျလန်ဒါ သို့မဟုတ် ကရှ်မီးယားနယ်၌ ကုရှန်ဘုရင် ကနက်သျှ လက်ထက်တွင် စတုတ္ထ သံဃာယနာ တစ်ခုကို တင်ခဲ့သည် ဟုဆိုသော်လည်း ထေရဝါဒများအတွက် နှစ်ပေါင်း နှစ်ရာခန့် စော လျှက် သီရိလင်္ကာ၌ ကိုယ်ပိုင် စတုတ္ထ သံဃာယနာ ရှိခဲ့၍ ပါဠိပြဌာန်းချက်ကို ပထဦးဆုံးအနေဖြင့် ပေထက် အက္ခရာ တင်ခဲ့ပေသည်။ ထို့ကြောင့် စတုတ္ထ သံဃာယနာမှာ နှစ်ခုဖြစ်၍ တစ်ခုသည် သီရိလင်္ကာတွင်၊ အခြား တစ်ခုသည် ကရှ်မီးယား (**သာဝတ္ထိဝတီ**) တွင် ဖြစ်ပေသည်။



**ပြန့်ထွက်လာသော ဗုဒ္ဓဘာသာနှင့် ကုန်သွယ်လမ်းကြောင်း အေဒီ ၁ ရာစု**

ကရှ်မီးယား စတုတ္ထ သံဃာယနာတွင် ကနက်သျှသည် သံဃာ ၅၀၀ ကို စု၍ **ရှင်ဝိဆုမေတ္တယျ** အား ကြီးမှူး စေခဲ့သည် ဟု ဆိုပေသည်။ အစိတ်အပိုင်းအားဖြင့် ၎င်းသည် အဘိဓမ္မာ၏ အဌကထာတွင် ပါဝင်သည် ဖြစ်နိုင် သော်လည်း ၎င်းကိုယ်တိုင် ပြဌာန်းချက်ဖြင့် တည်ရှိနေသည်မှာ ဖြစ်နိုင်စရာ ရှိပေသည်။ သံဃာယနာတွင် သုတ် တော်ပေါင်း သုံးသိန်းနှင့် အဆိုပေါင်း ကိုးသန်းကျော်ကို စုဆောင်းလျှက် ပြီးမြောက်စေရန် ၁၂နှစ်ကြာ သည်ဟု ဆိုပေသည်။ ဤသံဃာယနာ၏ အဓိက ဖြစ်ထွန်းမှုမှာ မဟာပရိနိဗ္ဗာနသုတ်ဟု ထင်ခြားသော **သာဝတ္ထိသတိ** (ကရှ်မီးယား) အဘိဓမ္မာ၏ တိုးချဲ့သော အကိုးအကား သင်္ဂြိုလ်ကျမ်း ဖြစ်သည့် ကျယ်ပြန့်သော  အဌ ကထာ ကြီးအား ကျမ်းပြုခြင်းပင် ဖြစ်ပေသည်။

(၁၉) ရာစု နှောင်ပိုင်း မြန်မာတို့၏ နောက်ဆုံး မင်းဆက်၏ နောက်ဆုံးမင်း သီပေါမတိုင်မှီ နန်းတက်လာသော မင်းတုန်းမင်း လက်ထက် တွင် သီဟိုမှ ပေစာ ပါဠိတော်များကို ကျောက်ထက်အက္ခရာတင်ခြင်း ပြုလုပ်၍ ၎င်းကို ပဥ္စမသံဃာယနာ ဟု ကင်းပွန်းတပ်ခဲ့ပေသည်။

၂၀ ရာစုအတွင်း အရှေ့တောင်အာရှ နိုင်ငံများ လွတ်လပ်ရေးရလာသော အခါ ထေရဝါဒဗုဒ္ဓဘာသာ အား ကောင်းသော မြန်မာနိုင်ငံတွင် ဝန်ကြီးချုပ်ဦးနု လက်ထက်၌ မင်းတုန်းမင်းလက်ထက် တင်ခဲ့သော ပဥ္စမ သံဃာယနာမှ ကျောက်ထက် အက္ခရာများကို ပုံနှိပ်စာဖြင့်  ဆဌမ သံဃာယနာဟု ကင်ပွန်းတပ်၍ မှတ်တမ်း တင်ခဲ့သည်။ ထိုမှတ်တမ်း ပိဋကသည် ရှင်အရဟံ (မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာအား စတင် မိတ်ဆက်သူ)၏၊ ပိဋက စာမူနှင့် မတူဟူ၍၊ ရှင်ဥတ္တဌကဲ့သို့ ရဟန်းပညာတတ်များက အမြတ်တနိုး မရှိခဲ့ပေ။

မြန်မာနိုင်ငံတွင် တင်ခဲ့သည်ဟူသော ပဥ္စမနှင့် ဆဌမ သံဃာယနာများကို ကမ္ဘာ့ အတိုင်းအတာဖြင့် အသိအမှတ်ပြုထားခြင်း မရှိသေးချေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com